
# ညီပုလေး

ဝတ္ထုတို ၅ ပုဒ်



mgyoe.com

1008022

mgyoe.com

mgyoe.com

[redacted]ို ၅ ပုဒ်၊ ညီပုလေး

[redacted]နှာဖုံးပန်းချီ - တော်တီဆွေ

[redacted]ျက်နှာ ၁၁၅ မျက်နှာ၊ ၁၂.၈ စင်တီ x ၁၈.၅ စင်တီ

[redacted]ုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
[redacted]ုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း၊
၂၀၁၇၊ အောက်တိုဘာလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁၂၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanm... ...ook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ဝတ္ထုတို ၅ ပုဒ်

## ညီပုလေး

မြန်မာဝတ္ထုတိုရာပြည့် (၁၉၁၇-၂၀၁၇) အမှတ်တရ

ပထမအကြိမ်၊ ၂၀၁၇

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


၁။ ရတနာပုံ ရွှေမန္တလေးဝတ္ထု ၁

၂။ မိုက်သလား ရိုက်သလားမမေးနဲ့ ၁၄

၃။ ဆာဟာရသမုဒ္ဒရာ ၂၇

၄။ ကြောက်ချေးအိုး ၄၁

၅။ အပြောင်မြောက်ဆုံးလက်ရာ ၅၆


❑

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com


## ရတနာပုံ ရွှေမန္တလေးဝတ္ထု

"သူတော်. . ."

"ဟဲ့ သူတော်. . ."စည်ရှင်ဘုန်းကြီးရဲ့အသံ။

နောက်ဆုံးတစ်ခွန်းက ငေါက်သံပါပြီး ပထမတစ်ခွန်းထက် ပိုမာလာတယ်။

"ဘုရား. . ." လို့ အမြန်ပြန်ထူးလိုက်ရတယ်။

"မြန်မြန်လာ. . . မနက်တိုင်း နင့်စောင့်စောင့်နေရတာ နေမြင့်လှပြီ"

ကျောင်းတိုက်ရှေ့က တမာပင်အောက်မှာ တန်းစီပြီး ဆွမ်းခံကြွကြမယ့် သံဃာတွေ စုံနေကြပါပြီ။ သုနန္ဒက ညစ်ပြီး ကျုပ်ကို လှမ်းမခေါ်ဘူး။ ဆရာတော်တို့ရှိရာကို သူ အရင်သွားနှင့်ပြီး လူလုံးပြနေလို့သာ ကျုပ် ဒီလိုအငေါက်ခံရတာပေါ့။

ကျုပ်ရဲ့ ပိတ်ဖြူကလနံကို သေသေချာချာပြင်ဝတ်ပြီး လက်စွဲ

mgyoe.com

mgyoe.com


တော်ကြေးစည်နဲ့ တင်းပုတ်ကလေးကိုခေါင်းရင်းက ဘုရားစင်မှာ ရှာတော့ တင်းပုတ်လေးသာတွေ့ပြီး ကြေးစည်က ဘယ်ရောက်နေမှန်းမသိ။ ကျောင်းသားတွေပဲ မနေ့ညနေက ယူဆော့ကြပြီး နေရာတကျပြန်မထားတာလား။ သုနန္ဒကပဲ 'ချောက်' ချချင်လို့ ဝှက်ထားခဲ့လေသလား။ သေသေချာချာလှန်လှောရှာတော့ ကျုပ်ခြေရင်း သင်ဖြူးအောက်ကတွေ့တယ်။ ဒါတစ်ယောက်ယောက်ရဲ့လက်ချက်ပဲ။ ကျုပ်ကတော့ သုနန္ဒလက်ချက်လို့ ထင်မိတယ်။ ကျုပ်အပေါ် သုနန္ဒက ဒီလိုခဏခဏညစ်နေကျ။

နေ့တိုင်းလိုပါပဲ။ တမာပင်အောက် ကျုပ်ရောက်တဲ့အခါ ဦးပဥ္စင်းတွေ သင်္ကန်းကို လက်ကတော့ထိုးပြီးလို့ သပိတ်လွယ်ရင်း ဝါစဉ်ကြီးငယ်အလိုက် နေရာယူတန်းစီပြီး နေကြပြီ။ ဆရာတော်ပါးစပ်က ဘာမှမပြောဘဲ ကျုပ်ကို မျက်လုံးနဲ့လှမ်းကြည့်လိုက်တယ်။ ဒီအကြည့်ရဲ့နောက်မှာ အဓိပ္ပာယ်တွေ တစ်သီတစ်တန်းကြီးပါလာတယ်။ ကြိမ်လုံးကြည့်ထား သူတော်၊ နောက်နေ့တွေ ဒီလိုနောက်ကျရင်တော့ ဒဏ်ပေးမယ်။ ထကြွလုံ့လနည်းရကောင်းလား သူတော်ဆိုတဲ့ အကြည့်၊ ဆုံးမတဲ့အကြည့်။

ဦးပဥ္စင်းတွေကတော့ ကျုပ်ဒီလိုအငေါက်ခံရတာ အကြည့်ခံရတာကို သဘောကျနေကြပုံပါပဲ။ ပြုံးတဲ့ ဦးပဥ္စင်းတွေက ပြုံးလို့၊ သူတော် သုနန္ဒကဆိုရင် သိပ်ကျေနပ်တဲ့ အပြုံးနဲ့ပေါ့။ ခဏနေတော့ ဆရာတော်က မိန့်ပါတယ်။

"ကဲ သူတော် ကြွ. . .ကြွ"

ဘုန်းကြီးက ရိုးရိုးမိန့်တာပေမဲ့ ကျုပ်စိတ်ထဲမှာတော့ နည်းနည်းငေါ့သံပါနေတယ်လို့ ထင်လိုက်မိတယ်။

နယုန်လ အရုဏ်ဦးရဲ့ လေပြည်ကလေးတွေဟာ ဟိုဟိုဒီဒီ ပြေး

mgyoe.com

mgyoe.com


လွှားနေကြတယ်။ ဒီလေပြည်လေးတွေက မစိုးရိမ်ကျောင်းတိုက်နာရီစင်ရဲ့ "ငါးနာရီထိုးပြီဟေ့" ဆိုတဲ့ နာရီတီးသံကို သယ်လာကြတယ်။ ကျောင်းတိုက်ရဲ့ မြောက်ဘက်တံခါးရောက်တော့ ငါး နာရီထိုးတဲ့ သင်္ကေတသံက ဆုံးသွားတယ်။ ဒီလိုဆို ကျုပ်တို့ ဘယ်နောက်ကျလို့တုံး ခါတိုင်းလိုပါပဲလား၊ အချိန်မှန်ပါရဲ့နဲ့။

မြောက်ဘက်တံခါးကထွက်တော့ ကြေးစည်ကို ထုံးစံအတိုင်းတီးတော့မယ်အလုပ်မှာ သုနန္ဒက. . .

"အာဒိစ္စ ကြေးစည်တီးတော့လေ" တဲ့။ ဆရာတော် မကြားအောင် အသံအုပ်အုပ်နဲ့ လှမ်းပြီးပြောတယ်။ သူတော်သုနန္ဒ သက်သက်မဲ့ ဆရာလုပ်တာ၊ လျှာရှည်တာ၊ သူတော် လည်လုပ်တာ။ ကျုပ်အပေါ်တမင်လာညွှန့်တာ၊ ကျုပ်သိတာပေါ့။ ချက်ချင်းပဲ နောက်ကိုလှည့်ပြီး 'မိုက်ကြည့်' ကြည့်လိုက်တယ်။ သူ့ကိုရွဲ့ပြီး ကြေးစည်ကို အကျယ်ကြီးလိုက်တီးတော့ ကြေးစည်သံဟာ ဝေဝေလွှင်လွှင်နဲ့ 'အောင်ရှုဝံ' ရပ်ကွက်ထဲမှာ ပျံ့လွှင့်သွားတယ်။ စိတ်ထဲမှာတော့ သုနန္ဒကို တေးထားမိတယ်။ သူ့ဝတ္ထုတွေ၊ ကာတွန်းတွေ ခိုးခိုးဖတ်နေတာ ဆရာတော်ကို ကျုပ် မတိုင်ချင်လို့။ တိုင်လိုက်ရင်လို့ကတော့ ဘာပြောကောင်းမလဲ။ ဒီသူတော်ကို မြင်းခြံကားပေါ်တင်ပြီး ရွာပြန်ပို့ပစ်မှာ သေချာတယ်။

အောင်ရှုဝံရပ်ကွက်ဆိုတာလည်း လက်လုပ်လက်စားတွေ အနေများတော့ တဲတွေနဲ့ အိမ်တွေက လွှမ်းနေတာပေါ့။ တိုက်ဆိုလို့ နံကပ်တစ်ထပ်အဟောင်းကလေး နှစ်လုံးရှိရဲ့။ ဒီနံကပ်တိုက်က တိုက်ကလေးရှင်တွေကလည်း ဆွမ်းတွေဘာတွေ လောင်းလေ့မရှိကြပါဘူး။ ဘယ်မှာအလုပ်တွေသွားလုပ်နေကြတယ်တော့ မပြောနိုင်ဘူး။ အံမယ် လမ်းတောင်ဘက်ထိပ် 'အာရောဂျတိုင်းရင်းဆေးတိုက်' က ဆရာကြီးကတော် ဒေါ်စိန်ဦးတောင် ဆွမ်းလောင်းမှကိုး။ ဟုတ်ပေသားပဲ။ ဒီနေ့

mgyoe.com

အင်္ဂါနေ့၊ ဆရာကြီးကတော်မွေးနေ့။ ပြီးတော့ ပန်းထိမ်ဖိုကလည်း ဆွမ်းလောင်းတယ်။ အောင်ရှုဝံရပ်ကွက်မှာ ဒီနေ့တော့ ဒီနှစ်အိမ်ပဲ ဆွမ်းလောင်းလိုက်ကြတယ်။ ဆရာကြီးကတော် ဒေါ်စိန်ဦးကတော့ ထုံးစံအတိုင်း ကျုပ်အတွက်ဆွမ်းတစ်ဇွန်းကို သူတော်သုနန္ဒရဲ့ ကျုပ်ထဲ လောင်းနေကျ။ တချို့ ဒကာတွေ ဒကာမတွေက ကျုပ်လို ကြေးစည် တီးတဲ့သူတော်ကို ထည့်တွက်ကြတာ မဟုတ်ဘူးလေ။

ကျောင်းရောက်တော့ တစ်စားပွဲတည်းအတူ ဆွမ်းစားကြရပေမဲ့ တစ်ခါတလေတော့လည်း သူတော်သုနန္ဒလို ကျုပ်ကို ထမ်းချင်သေး တာပေါ့။ ကျုပ်ကို သုနန္ဒက သူတော်ပိုင် စီးထားတယ်။ ကျုပ်ကို တစ်လှည့်မပေးဘူး။ ကြေးစည်ချည်းပဲ နေ့တိုင်းတော့ ဘယ်သူ တီးချင် မလဲ။ ကြေးစည်က ပေါ့ပေါ့ပါးပါးတော့ရှိပါရဲ့။ ကျုပ်ဆိုတာ ကြာလေ ညောင်းလေ၊ လက်အံ့သေလာလေပေါ့။ ဒါပေမဲ့ အရပ်ထဲမှာ ခွေး ဟောင်တော့ ရှေ့ဆုံးက ကြေးစည်တီးတဲ့ကျုပ်ကို ဟောင်တာမဟုတ် လား။ ဦးဇင်း ပြုံးညိုကတော့ ကြေးစည်တီးတဲ့လူက နောင်ဘဝကျ အသံကောင်းတဲ့ နတ်သားတွေဘာတွေ ဖြစ်နိုင်သတဲ့။ ဦးဇင်း ပြုံးညို ပြောတဲ့စကားအတိုင်း တကယ်ဖြစ်လာရင်တော့ မဆိုးပါဘူး။

အောင်ရှုဝံရပ်ကိုကျော်ခဲ့ပြီး ငှက်ပျောခြံထဲကိုရောက်တယ်။ ဒီခြံ တွေထဲကလည်း သိပ်တော့ ဆွမ်းလောင်းလေ့မရှိဘူး။ ဆယ်ခါရံတစ်ခါ လောင်းကြတာပါ။ အလယ်ခြံက ဦးလေးကြီးကတော့ထူးတယ်။ တစ်နှစ်လုံးမှာ ဇူလိုင်လထဲမှာ စောစောပိုင်းတစ်ရက်ပဲ ဆွမ်းလောင်း တယ်။ အဲဒီနေ့ကျရင် ပြက္ခဒိန်မကြည့်နဲ့တော့။ တစ်ပြည်လုံး ဝမ်းနည်း ကြေကွဲကြတဲ့နေ့ပဲ။ စတုတ္ထခြံက ဆွမ်းခပ်နီနီတွေလောင်းတယ်။ အခု ထိတော့ သပိတ်ထဲက ဝတ်ခွက်တွေဟာ ချောင်ချိအားလပ်နေတုန်း ပါပဲ။

mgyoe.com

mgyoe.com


ငှက်ပျောခြံကိုကျော်ပြီး မြတောင်ကျောင်းတိုက် အနောက်မြောက်ထောင့်မှာ ခဏရပ်ကြတယ်။ ကျုပ်တို့ကျောင်းရဲ့ အရှေ့ဘက် ဒဟတ္တောရပ်တို့၊ ရှမ်းဝိုင်းတို့၊ မုန့်တီစုရပ်တို့က ဒကာ၊ ဒကာမတွေဆီက ဆွမ်းခံပြီး မြို့ထဲကိုကျုပ်တို့နဲ့ ဆွမ်းခံအတူကြွကြမယ့် သံဃာတော်တွေ ဒီနေရာမှာ လာပေါင်းကြပါတယ်။ ကျောင်းကအထွက်မှာ ကျုပ်တို့နဲ့ အတူထွက်ခဲ့တဲ့ သံဃာတော်တွေထဲက ဒေးဝန်းတို့၊ ဂေါဝိန်တို့ကို ဆွမ်းခံကြွကြမယ့် ဘုန်းကြီးတွေလည်း ဒီနေရာကနေခွဲပြီး အနောက်ဘက်ကို ကြွကြတယ်။

ခဏနေတော့ ဆရာတော်က “သူတော် အာဒိစ္စ”တဲ့။

နောက်ထပ်တစ်ခွန်းမှ ဆက်မိန့်စရာမလိုတော့ဘူး။ ကျုပ်က ကြေးစည်ကောက်တီးလိုက်တယ်။ ရှေ့ဆက်ပြီး ဆွမ်းခံကြွတော့မယ်ဆိုတဲ့ သင်္ကေတဆိုလည်း ဟုတ်ရဲ့။

ကျုပ်တို့သံဃာတန်းဟာ အခုဆိုရင် အပါးအစိတ်လောက်ရှိပြီ။ ရှေ့ဆုံးကကျုပ်၊ ပြီးတော့ သုနန္ဒ၊ နောက်က ဆရာတော်၊ ဆရာတော်နောက်ကမှ ဦးပဥ္စင်းတွေ ဝါစဉ်လိုက်လို့ နောက်ဆုံးက ကိုရင်ဘဒ္ဒိယတို့၊ ကိုရင်ဇောတိကတို့၊ ရှင်ပဒုမတို့. . .။

မလွန်ရပ်ကွက်ကြီးထဲက မလွန်နီးပါးတန်းတို့၊ မလွန်ပွတ်တန်းတို့၊ မလွန်ကြက်သွန်တန်းတို့၊ မလွန်ချင်းတန်းတို့ဆိုတဲ့ ရပ်ကွက်စိပ်ကလေးတွေထဲ ကျုပ်တို့လွန်းထိုးပြီး ဆွမ်းခံကြတယ်။ မလွန်ရပ်ဆိုတာ အရောင်းအဝယ်သမားတွေအနေများကြတဲ့ ဗုဒ္ဓဘာသာ မြန်မာ ရပ်ကွက်စစ်စစ်ပေါ့။ လမ်းထောင့်ပွဲရုံက အမေကြီးက ဆွမ်းလောင်းနေကျ။ ပွဲကတော်က အသက်ကြီးပြီမို့ ပွဲရုံရှေ့ရောက်ခါနီးရင် ကျုပ်က ကြေးစည်ကို ခပ်ကျယ်ကျယ်နဲ့ ခဏခဏတီးပေးရတယ်။ ပွဲကတော်ကြီးက နားနည်းနည်းလေးတယ်လေ။ ပွဲကတော်ရဲ့ ဆွမ်းတွေက

mgyoe.com

mgyoe.com


ဖြူဖွေးပြီး အငွေ့တထောင်းထောင်းထနေလေ့ရှိတယ်။ ဆွမ်းက မွှေးလည်းမွှေးတယ်။

ဒီနေ့ဝတ်ခွက်တွေထဲကို စပြီးနေရာယူတဲ့ ပဲရေပွကို ကားဝပ်ရှော့က ဝပ်ရှော့ဆရာကတော်က လောင်းတယ်။ ပဲရေပွထားပုံက ရဲတွတ်နေတာပဲ။ ဆီနည်းတာတစ်ခုပဲ ပြောစရာ ရှိတယ်။ အဝေးပြေးကားဂိတ်က ဗယာကြော်လောင်းတယ်။ မှတ်မှတ်ရရ တပေါင်းလဆုတ် ရှစ်ရက်နေ့က သပိတ်တွေထဲမှာ ဗယာကြော်တွေအများကြီးရတဲ့နေ့။ အဲဒီနေ့က မန္တလေးမြို့လယ်ကောင်ကို မီးလောင်တာ နှစ်ပတ်လည်တဲ့နေ့။ ဘေးဘယာတွေကို ကျော်လွှားကြဖို့ ရည်စူးကြတယ်ထင်ပါရဲ့။

မလွန်ချင်းတန်း တောင်ဘက်အစွန်က 'ခွေးသတိ' ဆိုတဲ့ ဆိုင်းဘုတ်ရှိတဲ့အိမ်က ပဲပြုတ်လောင်းတယ်။ ပဲပြုတ်ကတော့ ဆီလေးပါလေကာနဲ့။ ပြီးတော့ ဈေးချိုထဲမှာ လက်ဖက်နဲ့အကြော်စုံရောင်းတဲ့ အမေကြီးက နိစ္စဘတ်ဆွမ်းနဲ့ဆွမ်းဟင်းတစ်ခွက်လောင်းနေကျ။ ဒီနေ့တော့ ကြက်ဟင်းခါးသီးချက်လောင်းတယ်။ ဆရာတော်အကြိုက်။ အခါးက သက်ကြီးဝါကြီးတွေနဲ့ တည့်တယ်ဆိုမဟုတ်လား။

အဲဒီအိမ်ပြီးတော့ ဆွမ်းနီကြင်ကြင်တွေ ထပ်ရသေးတယ်။ ၃၃ လမ်းထောင့်က အဝီစိတွင်းတူးထားပြီး ရေရောင်းတဲ့အိမ်ကလည်း နိစ္စဘတ်ဆွမ်းနဲ့ ဆွမ်းဟင်းတစ်ခွက်။ ဒီနေ့တော့ ဗယာကြော်ချက်တဲ့။ ဒီဒကာမကြီးက ပုရစ်ကြော်သိပ်ကြိုက်ပုံရတယ်။ ပုရစ်ပေါ်တဲ့ ရာသီဆိုရင် ပုရစ်ကြော်ကို ဆွမ်းဟင်းတစ်ခွက်အနေနဲ့ ခဏခဏလောင်းတယ်။ ဗိုက်ထဲမှာ ဥတွေနဲ့ ပုရစ်အမကြီးတွေ၊ ချင်းနဲ့ကြက်သွန်ဖြူနဲ့ ကြော်ထားတာ။ အဲဒါကတော့ ကျုပ်တို့၊ ဘဒ္ဒိယတို့အကြိုက်ပေါ့။

ခုနကပြောတဲ့ မန္တလေးမီးကြီးမလောင်ခင်က ကျုပ်တို့ဆွမ်းတွေ၊ ဆွမ်းဟင်းတွေ လှိုင်ပေါလယ်နေတာပေါ့။ ဒီမီးကြီးထဲမှာ ကျုပ်တို့ရဲ့

mgyoe.com

mgyoe.com

နိစ္စဘတ်ဆွမ်းဒကာတွေရဲ့အိမ်တွေ အများကြီးပါသွားတယ်။ အခု တော့ တချို့ဆွမ်းဒကာတွေပဲ ရှိတော့တယ်။ တချို့လည်း ရေကြည်ရာ ရေပေါ်ရာအရပ်ကို ပြောင်းသွားကြပြီ။ မီးလောင်ပြီးမှ တချို့ကလည်း နိစ္စဘတ်ဆွမ်းမလောင်းတော့ဘဲ အလျဉ်းသင့်သလို လောင်းလှူကြ တယ်။ ဆွမ်းဒကာ ဒကာမအသစ်တွေလည်း တိုးတော့တိုးလာပါရဲ့။ အရင်ကလောက်တော့ မများသေးဘူး။ မန္တလေးမြို့ရဲ့ အသည်းနှလုံးကို နုတ်သွားတဲ့ မီးကြီး။ နည်းတဲ့ မီးကြီးလားဗျာ၊ အခုတော့ အသည်းနှလုံး အသစ်နဲ့ ဆိုပေမဲ့ ဘယ်အသားကျဦးမလဲ။ ဒီဒဏ်က နည်းတဲ့ဒဏ်မှ မဟုတ်ဘဲ။ မီးလောင်ခံရတဲ့ လူထုက ပြာပုံထဲက ကုန်းရုန်းထကြရတာ။ ဒါကြောင့် ဆွမ်းကွမ်း မလောင်းနိုင်ကြသေးတာ ကျုပ်တို့ သိတာပေါ့။ ဒီလိုမဟုတ်ရင် မြန်မာလူမျိုးပါတဲ့ဗျာ၊ အလှူရေစက် လက်နဲ့မကွာတဲ့ လူမျိုး။

တချို့ကလည်း မီးလောင်ပြီးမှ 'မီးညွန့်တက်'လာကြသတဲ့၊ အရင်က တစ်ထပ်တိုက်နဲ့လူက အခု နှစ်ထပ်သုံးထပ်။ အရင်က နှစ်ထပ်က အခု သုံးထပ်လေးထပ်၊ ဒါကတော့ လူနည်းစုဗျ။ တချို့ လည်း လူသစ်တွေ၊ ကျုပ်တို့ မျက်မှန်းမတန်းမိတဲ့သူတွေ။

သုနန္ဒစာချိုး ချိုးနေတဲ့ ခင်မောင်ဝင်း– ချဉ်ပေါင်ဟင်းဆိုတဲ့၊ ချဉ်ပေါင်ဟင်းအများဆုံး လောင်းနေကျ ဒကာတော့ အဆောက်အအုံ ပြန်မဆောက်နိုင်ရှာဘူး။ သူ့မြေကွက်မှာ 'စုံစမ်းရန်– ညွှန့်ဝေဆံသ၊ ၃၂ လမ်း' ဆိုတဲ့ ဆိုင်းဘုတ်ထောင်ထားပုံထောက်တော့ မြေရောင်းရ တော့မယ့်ပုံပဲ။

အခါကြီး ရက်ကြီးဆိုရင် ပုန်းရည်နဲ့ဝက်သားတို့၊ ဝက်ခြေ ထောက်ရိုးနဲ့ လက်ပံခေါင်းချဉ်ရည်တို့ လောင်းလှူတတ်တဲ့ ဒကာမကြီး တို့ကတော့ အိမ်ငှားနေမယ့် လူဆီက စပေါ်ယူပြီး နံကပ်တိုက်ကလေး

mgyoe.com

mgyoe.com


ဆောက်ကာ ဆေးတောင်မသုတ်ရသေးဘူး၊ အထက်ထပ်မှာ သူတို့နေကြတယ်။ အောက်ထပ်တော့ အိမ်ငှားက စာအုပ်နဲ့ ကက်ဆက်ခွေ အငှားဆိုင်ဖွင့်လို့၊ ခု ဒီနည်းနဲ့ လူတော်တော်များများက ပြန်ထူထောင်နေကြတယ်လေ။

ဗိုလ်ချုပ်လမ်းကျော်ရင် အသည်းနှလုံး အစားထိုးထားတဲ့ ရပ်ကွက်အသစ်ကို ရောက်ပါပြီ။ ဗိုလ်ချုပ်လမ်းကျော်လိုက်တော့ ရွှေဖရုံသီးချက် လောင်းလှူတဲ့သူနဲ့ကြုံရတယ်။ နောက် ဒကာတစ်ဦးက ဆွမ်းချည်းပဲ လောင်းတယ်။ ပြီးတော့ ဟိုတလောကမှဖွင့်တဲ့ တည်းခိုခန်းရှင် အသားဝါဝါနဲ့ ဒကာမပုပုက ဝက်အူချောင်း လက်နှစ်ဆစ်လောက်စီ ပိုင်းပြီး လောင်းတယ်။ တစ်ပါးကို ဘယ်နှချောင်းလောင်းသလဲတော့ ကျုပ်လည်း မသိဘူး။ ကျုပ်ဖို့ရော သုနန္ဒကျုပ်ထဲ ထည့်လောင်းရဲ့လားမသိ။ ရေခဲစက်ကလည်း ဆွမ်းပဲလောင်းတယ်။ ဆောက်လက်စ နှစ်ထပ်တိုက်က ရွှေသွားတွေနဲ့ အမယ်ကြီးက အိကြာကွေးတွေ လောင်းတယ်။ တိုက်သံတံခါးရဲ့နောက်က ခွေးအမည်းကြီးကတော့ အစွယ်တွေဖြဲလို့။ အရင်က ဒီနေရာမှာ ပျဉ်ထောင်အိမ်ကလေးရှိတယ်လေ။

ဒီလို အိကြာကွေးလောင်းတိုင်း ဆွမ်းစားကျောင်း စားပွဲပေါ်က ဘယ်သူမှ မတို့ကြ မထိကြတဲ့ အိကြာကွေး ထည့်ထားတဲ့ လင်ပန်းကြီးကို ပြန်မြင်ယောင်မိတယ်။ တစ်ခါတလေ နှီးအုပ်ဆောင်းရဲ့အမိုးကို အိကြာကွေးပုံကြီးကထိလို့။ ဘုန်းကြီးက ကျောင်းကိုလာတဲ့ ဧည့်သည်တို့၊ အာဂန္တုဘုန်းကြီးတို့ကို ဒီမုန့်တွေနဲ့ ဧည့်ခံလေ့ရှိတယ်။ ဧည့်သည်တွေက သိပ်မကြိုက်ကြပါဘူး။ တစ်ပြဆက်သွားပြီး မြောက်ဘက်ချိုးလိုက်တော့ ထိဆိုင်က တိုရကြော်လောင်းတယ်။ တိုရကြော်ပြီးတော့ ခပ်ဝဝ ဦးလေးကြီးက ဆွမ်းလောင်းတယ်။ မြင်ဖူးနေကျ မဟုတ်ပါဘူး။
mgyoe.com

mgyoe.com

ဝင်းကြားထဲက ထွက်လောင်းတာနေမှာပါ။ ဆွမ်းလောင်းတယ်ဆိုတာလည်း ရည်ရွယ်ချက်ကအမျိုးမျိုး။ နိဗ္ဗာန်ကိုရည်သန်လို့၊ မွေးနေ့မို့၊ ယတြာကြောင့်၊ သွားလေသူအတွက် ရည်စူးလို့၊ အကျဉ်းအကျပ်ရောက်နေသူအတွက်၊ အကြောင်းကြောင်းကြောင့်။

ဆံပင်အလှပြင်ဆိုင်တစ်ခုက ဗယာကြော် လောင်းလှူတယ်။ ဒီဒကာမကြီးက အကြော်နှစ်ခုစီပူးပြီး ကိုင်ထားပုံထောက်တော့ တစ်ပါးကို ဗယာကြော်နှစ်ခုစီလောင်းတယ်ထင်ပါရဲ့၊ ဒီဆိုင်နဲ့ မျက်စောင်းထိုးအနောက်ဘက်တန်းက တည်းခိုခန်းကလည်း အီကြာကွေးတွေလောင်းလှူပြန်တယ်။ ကျုပ်က နောက်က အသာလေးလှည့်ကြည့်တော့ ကျုပ်လိုပဲ သုနန္ဒလည်း အီကြာကွေးတွေကြည့်ပြီး စိတ်မချမ်းမသာဖြစ်နေပုံပဲ၊ လောင်းလှူနေတဲ့ မျက်ပေါက်ကျဉ်းကျဉ်း ဒကာမမသိအောင် ကျုပ်ကို မဲ့တယ်ဆိုရုံကလေးမဲ့ပြတယ်။ အဲဒီကနေဆက်ပြီးမြောက်ဘက်တစ်ပြလျှောက်ကြ၊ ၂၉ လမ်းရောက်တော့ အနောက်ဝါးတန်းဘက်ဆင်းပြီး ကျောင်းကို ပြန်ကြွနေကြပေါ့။

အပြန်လမ်းမှာ ဆွမ်းလောင်းတဲ့ အိမ်တစ်အိမ်၊ ငါးပိချက်လား၊ မန်ကျည်းသီးချက်လားမသိ၊ အပေါ်ဆီပြန်နေတဲ့ ဆွမ်းဟင်းကတစ်ခွက်၊ ပြီးတော့ ဗယာကြော်ချက်၊ နောက်ပြီးတော့ လျှပ်စစ်ပစ္စည်းရောင်းတဲ့ အသားဖြူဖြူ မျက်လုံးမှေးမှေးနဲ့ ဒကာမက အီကြာကွေးလောင်းပြန်တယ်။ အဲဒီဆိုင်ရှေ့ကထွက်လို့ ခပ်လှမ်းလှမ်းရောက်တော့သုနန္ဒက ကျုပ်ကို စကားတစ်ခွန်း အသံခပ်အုပ်အုပ်နဲ့ လှမ်းပြောပါတယ်။ ကျုပ်လည်း ကြေးစည်သံနဲ့မို့ ဘာပြောမှန်း မသိလိုက်ဘူး။ ဘာများတုံးလို့ နောက်လှည့်ကြည့်တော့ သုနန္ဒက ဘာမှမပြောသလိုခပ်တည်တည်ပါပဲ၊ ကျုပ်လည်း အရေးမကြီးပေဘူးလို့ထင်လို့ကျောင်းကျမှ မေးတော့မယ်လို့ အောက်မေ့လိုက်တယ်။

mgyoe.com

ကျောင်းအပြန်လမ်းမှာ ဝါးတန်းနဲ့ ဒေါင်းရိုးရပ်ကလည်း ဆွမ်းတွေ၊ ဆွမ်းဟင်းတွေ တော်တော်ရပါတယ်။

ဆွမ်းစားကျောင်းပေါ်မှ ဆရာတော်နဲ့ ဘုန်းကြီးတွေက အရှေ့ဘက်က စားပွဲဝိုင်းတစ်ဝိုင်း၊ ဦးပဥ္စင်းကြီးတွေနဲ့ ဦးပဥ္စင်းလေးတွေက အနောက်ဘက်က စားပွဲဝိုင်းနဲ့ နှစ်ဝိုင်း၊ ပြီးတော့မှ ကိုရင်ကြီးတွေ၊ ကိုရင်တွေက တောင်ဘက်က တစ်ဝိုင်း၊ မြောက်ဘက်က တစ်ဝိုင်း၊ ကျုပ်တို့ကျောင်းကတော့ ဒီလိုပဲစုပြီး ဘုဉ်းပေးနေကျ။ ဆွမ်းဘုဉ်းပေးရင် စည်းနဲ့ ကမ်းနဲ့ တိတ်လို့ဆိတ်လို့။ သူတော်တွေနဲ့ ကျောင်းသားတွေက ဆရာတော် ဆွမ်းဘုဉ်းပေးတုန်း ယင်ယပ်ပေးရ၊ ဆားပေးဆီယူ တောက်တိုမည်ရ လုပ်ပေးရတာပေါ့။ ဆရာတော်များ၊ သံဃာတော်များ ဘုဉ်းပေးပြီးမှ ကျုပ်တို့ သူတော်တွေနဲ့ ပေသီးတို့၊ ချက်ဖောင်းတို့ ကျောင်းသားတွေ စားကြရတယ်။

ဆရာတော်က ဆွမ်းဘုဉ်းပေးပြီးလို့ လက်ဖက်ရည်ကြမ်းနဲ့ ဇလမုန့်၊ ငှက်ပျောသီးကြော်စတဲ့ အချိုကို ဘုဉ်းပေးရင်း သူတော်သုနန္ဒကို လှမ်းခေါ်လိုက်တယ်။

ကျုပ်က ခပ်လှမ်းလှမ်းရောက်နေလို့ ဆရာတော်မိန့်တာ အကုန်မကြားရဘူး။

"............................"

"............................"

"မေ့သွားလို့ပါဘုရား"

"ဘာမေ့သွားလို့လဲ၊ နောက် ဆွမ်းခံကြွရင်းစကားပြောရင် ကြိမ်နဲ့အဆော်ပဲ"

ဆရာတော်က ဆွမ်းခံရင် ဣန္ဒြေနဲ့ကြွဖို့ ကျုပ်တို့ကို အမြဲဆုံးမနေကျ။

mgyoe.com

mgyoe.com


အခုနေ ကျုပ် သူတော် သုနန္ဒ ဝတ္ထုနဲ့ ကာတွန်းတွေ ခိုးဖတ်တဲ့ အကြောင်း အဆင်းတွန်းလိုက်ရရင်တော့ အကွက်ကောင်းပေါ့။

သုနန္ဒကတော့ ငြိမ်လို့၊ မျက်လွှာကလေး အောက်ချလို့။ အပြစ်ရှိကြောင်း သူ့မျက်နှာ က သက်သေခံနေတယ်။

"နင်ပြောတဲ့စကားကို ငါမကြားဘူး မှတ်သလား"

ဆရာတော်ရဲ့အသံက ခုနကထက် ပိုမာလာတယ်။ မနက်က ကျုပ်ကို ဆရာတော်က ခေါ်က်တယ်။ အခုနေ့လယ်ကျ သုနန္ဒအလှည့်၊ ကျုပ် အဆင်းတွန်းစရာတောင် မလိုတော့ဘူးလေ။

"နောင် ဒီလိုပြောသံကြားရင် သဲဒဏ် ရေဒဏ်ပေးမယ် ကြားလား"

"မှန်..... မှန်ပါဘုရား"

"သူတော်က ဘာများပြောလို့တုံးဘုရား"

ဦးဇင်း ပြုံးညိုက ဖြတ်ပြီး မေးပါတယ်။

"အီကြာကွေးတွေလောင်းလှူတော့ ဘာတဲ့ နင်ပြောတာ"

သုနန္ဒကြည့်ရတာ ကြောက်နေပုံပဲ၊ တော်တော်နဲ့ စကားပြောမထွက်ဘူး။

"မှန်.....မှန်ပါ၊ ကြာရင် ဘိုးသူတော် မျက်စိလည်လေ၊ အီကြာကွေးရလေ ဖြစ်ကုန်တော့မှာပဲလို့ ပြောမိတာပါ ဘုရား"

သူ့စကားကြားတော့ ကျုပ်တို့ ရယ်မိတယ်။ ဘဒ္ဒိယနဲ့ ချက်ဖောင်းတို့ကဆိုရင် အသံများတောင်ထွက်လို့ ရယ်လိုက်ကြတာ။

သူ့စကားကြောင့် သတိရလို့ ပန်းကန်စင်နားက နှီးအုပ်ဆောင်းကို လှမ်းကြည့်မိတော့ သူပြောလည်း ပြောစရာပဲ၊ 'သုနန္ဒပြောတာတွေ' နည်းလိုက်ပေါင်ဗျာ။ ဒါပေမဲ့ ကိုယ်တော်ကြီးတွေ၊ ဦးပဉ္စင်းတွေက ရယ်ဖို့ နေနေသာသာ ပြုံးတောင် မပြုံးကြဘူး။ ကျုပ်တို့အဖို့ ပြက်လုံး

mgyoe.com

mgyoe.com


တစ်လုံးလို ရယ်စရာကောင်းတဲ့ စကားကို၊ ဘာလို့ မပြုံးကြတာလဲတော့ ကျုပ်လည်း မသိဘူး။

သက်ကြီး ဝါကြီးဆိုတာ အမြော်အမြင် ကြီးတယ်မဟုတ်လား။ ဘာလို့ မရယ်ကြ မပြုံးကြသလဲ...။ ပြီးမှ ဦးပဥ္စင်းတွေကို မေးရဦးမယ်။ ။

ရင်ခုန်ပွင့်၊ ဇူလိုင်၊ ၁၉၈၇

❑

mgyoe.com

mgyoe.com


## မိုက်သလား ရိုက်သလားမမေးနဲ့

အနောက်ကျူးလမ်းက မှောင်နေတယ်။ လမ်းမီးတွေက ကျွမ်းတဲ့နေရာက ခပ်များများ။ လင်းတဲ့နေရာကလည်း မီးအားမပြည့်လို့ ခပ်မှုန်မှုန်ပဲ။ ဒီကြားထဲ နှင်းတွေ မြူတွေကလည်း ဆို့နေလိုက်သေးတယ်။

မြောက်ဘက်ကိုဦးတည်ပြီး စက်ဘီးနင်းလာတာမို့ ဆရာတင်မောင်အေး ပိုပြီးချမ်းနေရှာတယ်။ ဘုရားကိုးဆူကပ်တဲ့အိမ်မှာ ကြာဆံဟင်းသောက်ကြ၊ စကားတွေပြောနေကြတုန်းက အိမ်ထဲမှာမို့ထင်ရဲ့။ ဒီလောက်မချမ်းဘူး။ အခုတော့ မျှော်လင့်တာထက်ပို အေးနေတယ်။ အိမ်တစ်အိမ်ကထွန်းထားတဲ့ ဓာတ်မီးရောင်က လမ်းပေါ်ကျနေတယ်။ အဲဒီနေရာမှာ ဆရာတင်မောင်အေးက စက်ဘီးကိုခဏရပ်တယ်။ စက်ဘီးလက်ကိုင်မှာ ချိတ်ထားတဲ့လွယ်အိတ်ထဲက ဆွယ်တာရှိုင်းပြတ်လေးထုတ်။ တိုက်ပုံအင်္ကျီအောက်ကခံပြီး ဝတ်လိုက်တယ်။ လွယ်အိတ်

mgyoe.com

mgyoe.com


ကို လက်ကိုင်မှာပြန်ချိတ်တော့ လွယ်အိတ်ထဲမှာ စက္ကူစာတပ်ပုံ ကုန်သွယ်ရေးက ထုတ်တဲ့ နေ့စဉ်မှတ်တမ်းလေးတစ်အုပ်ပဲ ကျန်တော့တယ်။ နေ့စဉ် မှတ်တမ်းစာအုပ်ကြားထဲမှာ နောက်ထပ်တစ်ခါ ထပ်ထုတ်ပေးထားတဲ့ ကျောင်းဆရာ လစာလေးပါလာတယ်။ လစာ အပြည့်တော့ ဘယ်ဟုတ်တော့မလဲ၊ ကျန်ကောင်းကျန်ရာ လစာလေး။

အနောက်မြောက်ကျုံးထောင့်ရောက်တော့ လမ်းပေါ်ကချိုင့်တွေကို နည်းနည်းမြင်သာ ထင်သာရှိလို့ စက်ဘီးကလေးမနာရအောင် ဂရုတစိုက် ရှောင်ပြီးနင်းလာခဲ့တယ်။ အဲဒီနားက လက်ဖက်ရည်ဆိုင် ကွမ်းယာဆိုင်တွေထဲက ဆိုင်တော်တော်များများက သိမ်းနေကြပြီ။ တစ်ဆိုင်မှာတော့ ဖွဲကောင်းတဲ့ဖောက်သည်တွေထင်ရဲ့။ လူသုံးယောက် ရေနွေးကြမ်းကရားအလယ်ချလို့။ ဆရာတင်မောင်အေးကို အံ့ဩတဲ့ အကြည့်၊ ထူးဆန်းတဲ့ အကြည့်နဲ့ကြည့်နေကြတယ်။ ဘယ်နှနာရီ လောက်များ ရှိသွားပါလိမ့်။ လက်ပတ်နာရီကို လှမ်းကြည့်တော့ အလင်းရောင်က နည်းတာမို့ ဆရာ မမြင်ရဘူး။ ကိုးနာရီခွဲပြီးလို့ ဆယ်နာရီထိုးကာနီးလောက်နေမှာပါလို့ ထင်မိတယ်။

မတ္တရာတို့၊ တောင်ပြုန်းတို့သွားတဲ့ ရထားသံလမ်းနားမရောက်ခင်ကတည်းက ဆရာ သတိဝီရိယရှိရှိနဲ့ စက်ဘီးကိုနင်းလာခဲ့တယ်။ မျက်စိရှင်ရှင်နဲ့ပေါ့။ နားလည်းစွင့်ထားလိုက်တယ်။ အခန့်မသင့်ရင် ဒီညောင်ပင်နားက ကြမ်းတတ်တယ်မဟုတ်လား။ တစ်ညကတင် ရိုက်လိုက်ပါပကော။ စက်ဘီးရယ်၊ နာရီရယ်၊ လွယ်အိတ်ရယ်၊ ထမင်းချိုင့်ရယ်၊ ပိုက်ဆံတွေရယ် ပါသွားတယ်။ အမှတ်(၂) ရဲခစန်းနားက တိတ်ခွေအငှားဆိုင်က လူတဲ့။ ခံလိုက်ရတာ ပါသမျှလေးကုန်ရောဆိုပါတော့။ အချိန်မရလို့ အဝတ်အစားပါ မချွတ်တာလို့ အရပ်ထဲမှာ ပြောနေကြတယ်။ ရထားသံလမ်းအတိုင်း တောင်ဘက်ထွက် ပြေးသွား

mgyoe.com

mgyoe.com

ကြသတဲ့။ ဒီသတင်းက သတင်းစာထဲပါတဲ့ သတင်းမဟုတ်ပေမဲ့ ဆရာတင်မောင်အေးတို့လို မြောက်ပြင်မှာနေတဲ့လူတွေအချင်းချင်း သတိထားရအောင် လူချင်းဆောင်ခဲ့ကြတယ်။

ခါတိုင်းတော့ ညပိုင်းဆိုရင် အခုလိုအပြင်ထွက်လေ့သိပ်မရှိဘူး။ အပြင်ထွက်ဖြစ်ရင်လည်း စောစောပြန်နေကျ။ ဒီအချိန်ကြီးအထိမနေဘူး။ အခုတော့ ကျောင်းသားဟောင်းရဲ့ မိဘတွေလည်းဖြစ်၊ လူကြုံနဲ့လည်း လှမ်းဖိတ်၊ အိမ်တိုင်ရာရောက်လည်း လာဖိတ်ကြလို့ မသွားရင်မကောင်းဘူး အရင်က စာအတူသင်ခဲ့ဖူးတဲ့ မြို့လယ်က ဆရာဆရာမတွေပါ ဖိတ်ထားတယ်ဆိုတာကြောင့်လည်း တစ်ကြောင်းပေါ့။ ပြန်ရတာက ဝေးတော့ စောစောထပြန်မလို့ စကားကောင်းရင်း အခုလိုမိုးချုပ်သွားတာ။

ဆရာတင်မောင်အေး နေတာကဝေးတယ်။ မန္တလေးတောင်ရဲ့ အရှေ့ထဲမှာ။ ဘုန်းတော်ကြီးအထိပြန်ရမှာ။ ဘုန်းတော်ကြီးမှာ ဆရာပြောင်းနေတာ၊ ဒီကျောင်းပြောင်းရကတည်းကဆိုတော့ လေးနှစ်ကျော်လို့ ငါးနှစ်ထဲရောက်နေပြီလေ။

ဘုန်းတော်ကြီးကိုသူ့နောက်မှ ပြောင်းလာတဲ့ ဆရာအေးချိုကတော့ ဘုန်းတော်ကြီးရဲ့ ရာဇဝင်အူပေါက်ကို ခဏခဏပြောတတ်တယ်။ မင်းတုန်းမင်းတရားကြီးလက်ထက် ဒီအရပ်က အခုလိုမဟုတ်သေးဘူးတဲ့။ သစ်ပင်တွေထူထပ်တဲ့အရပ်၊ ချုံနွယ်ပိတ်ပေါင်းတွေ ပြည့်နေတဲ့အရပ်တဲ့။ မင်းတရားကြီး လူဆိုးဓားပြ သူခိုးသူဝှက်တွေကို ဒီအရပ်မှာ ပို့ထားတယ်တဲ့။ နန်းမြို့တော်နဲ့ဝေးတဲ့အရပ်၊ လူနဲ့သူနဲ့ဝေးတဲ့အရပ်ပေါ့။ ညီလာခံမှာ မင်းတုန်းမင်းတရားကြီးက တိုင်းပြည်အခြေအနေမြို့တော်အခြေအနေကို သက်ဆိုင်တဲ့ ဝန်ထမ်းတွေ၊ အကြပ်တွေကို မေးလေ့ရှိသတဲ့။ ဒီအရပ်ကို ကြီးကြပ်ရတဲ့ဝန်မင်းကို အခြေ

mgyoe.com

mgyoe.com


အနေမေးတော့ "မှန်လှပါ ဘုန်းတော်ကြောင့် စားပြကသုံးယောက်၊ သူခိုးက လေးယောက် တိုးလာကြောင်းပါ" လို့ အခြေအနေအမှန်အတိုင်း တင်လျှောက်သတဲ့။ ညီလာခံလို့ မေးလိုက်တိုင်း မှန်လှပါဘုန်းတော်ကြောင့် အစချီပြီး လူဆိုး၊ လူမိုက် ဘယ်နှယောက် တိုးတိုးလာတဲ့အကြောင်းကို တင်လျှောက်သံတော်ဦးတင်လို့ ဒီအရပ်ကို 'ဘုန်းတော်တိုး' လို့ ခေါ်တာတဲ့။ ဒီလိုမဟုတ်မဟပ် ရာဇဝင်အူပေါက်တွေ ဆရာအေးချို့ရဲ့ဗိုက်ထဲမှာ အပြည့်ရှိနေတယ်။

ဆရာတင်မောင်အေးက မတ္တရာရထားသံလမ်းကို န ဘ ယံ သောမရှိခလုတ်မထိ ဆူးမငြိ ကျော်ဖြတ်နိုင်ခဲ့တယ်။ မြောက်ပြင် အရက်ဖြူဆိုင်ရှေ့ရောက်တော့ မန္တလေးထောင်ထဲက မောင်းသံ၊ သံချောင်းခေါက်သံ ကြားလိုက်ရတယ်။ ဒီတော့မှ အဲဒီထောင်ကြီးထဲမှာ လူဆိုးလူမိုက်တွေ အများကြီးရှိမှာပဲလို့ ဆရာတွေးမိလိုက်တယ်။ တစ်ညကရိုက်လုတဲ့လူလည်း အခုချိန်ဆိုရင် အဲဒီအထဲရောက်လောက်ပြီထင်ပါရဲ့။ လမ်းနံဘေးက အိမ်ရှင်တွေက မီးမှိတ်ပြီး အိပ်ကြတဲ့အိမ်က အိပ်ကုန်ကြပြီ။ တချို့အိမ်တွေလည်း မီးတော့ထွန်းထားပါရဲ့ တံခါးတွေပိတ်ထားကြတယ်။ နဂါးဒေသန္တရဆေးပေးခန်းဝန်းကျင်က မန်ကျည်းပင်၊ ကုက္ကိုပင်ကြီးတွေကြောင့် ပိန်းလို့မှောင်လို့။ နေ့လယ်နေ့ခင်းတောင်မှ နေပြောက်မထိုးဘဲစိမ်းညိုနေတဲ့အရပ်။ အခုလိုအချိန်ဆိုတော့ သစ်ပင်ကြီးတွေကြောင့် ပိုမှောင်သွားလိုက်တာ။ ကြက်သီးထဖို့တောင် ကောင်းသေးတယ်။ ဆရာတင်မောင်အေးက တစ္ဆေတွေ ဘာတွေ ကြောက်တဲ့လူမျိုးမဟုတ်ဘူး၊ သူကြောက်တာ နှစ်မျိုးပဲရှိတယ်။ ကြောက်တာမဟုတ်ပါဘူး။ ရွံ့တာပါ။ ချောင်းရိုက်တတ်တဲ့လူတွေနဲ့ မြွေဆိုးတွေကိုတော့ ဆရာရွံ့တယ်။ လူလူချင်း၊ တုတ်တုတ်ချင်းဆိုရင် ယှဉ်ဝံ့တဲ့ဆရာပဲ။ အခုဟာက မိန်းမလိုမိန်းမရ ချောင်းမြောင်း လုပ်ကြ

mgyoe.com

mgyoe.com


တာမျိုးတော့ သူရှုံ့တယ်။ ရွံတယ်။

ငယ်ငယ်က တိမ်တောင်တိမ်လိပ်တွေကိုကြည့်ပြီး သရုပ်ဖော်ကြည့်သလို လမ်းနံဘေးက သစ်ပင်မြင့်ကြီးတွေ၊ သစ်ပင်ငယ်လေးတွေကို သရုပ်ဖော်ကြည့်မိတယ်။ သစ်ပင်မည်းမည်းကြီးတွေက တိမ်တွေလို သရုပ်ဖော်လို့မကောင်းဘူး။ ပေါ်လာတဲ့အရုပ်တွေကလည်း ချစ်စရာမကောင်းဘူး။ ကြောက်စရာကောင်းနေတယ်။ နတ်သမီးရုပ်၊ ယုန်ရုပ်၊ စင်ရော်ပုံလေးတွေမပေါ်ဘဲ ဇရာမဆင်ဟိုင်းကြီးနဲ့တူသလိုလို၊ ကြံ့ကြီးနဲ့ မျောက်ဝံကြီးနှစ်ကောင် သတ်ပုတ်နေကြသလိုလို၊ ဘီလူးကြီးတွေ တစ်ကောင့်အပေါ်တစ်ကောင် တက်ထိုင်တဲ့ပုံနဲ့တူတဲ့ အပင်ကတူနဲ့။

ဆရာတင်မောင်အေး စက်ဘီးနင်းလာတုန်းမှာ မျက်နှာချင်းဆိုင်ကလည်း စက်ဘီးတစ်စီးမှ မလာသလို၊ သူ့ကိုကျော်တက်သွားတဲ့ယာဉ်တွေ၊ သူကကျော်လာခဲ့တဲ့ စက်ဘီး၊ ဆိုက်ကား၊ ယာဉ်ရထားတွေလည်းတစ်စင်းမှမတွေ့မိဘူး။ တစ်လမ်းလုံးတိတ်လို့ မှောင်လို့။

အခုလိုတိတ်ဆိတ်နေတုန်းမှာ ခွေးအူသံကြီးတစ်ချက် ဖြုန်းခနဲကြားလိုက်ရတယ်။ လူငယ်သင်တန်းကျောင်းရဲ့ မြောက်ဘက်ဆီက။ ခွေးကြီးက ဆွဲဆွဲငင်ငင်နဲ့လည်ချောင်းထဲကနေ ညှစ်ပြီးအူလိုက်တဲ့အသံမျိုး။ မကြောက်တတ်ပါဘူးဆိုတဲ့ ဆရာတင်မောင်အေး တောင်မှကျောထဲစိမ့်ခနဲ ဖြစ်သွားလိုက်သေးတယ်။ ခွေးက တစ်ခါပဲအူပြီးရပ်သွားတယ်။ ဒီပြင် ခွေးတွေလည်းလိုက်မအူတော့ ခွေးအူသံမှ ဟုတ်ရဲ့လားလို့တောင် ထင်ရတယ်။ မတ္တရာလမ်းခွဲ၊ လမ်းဆုံလမ်းခွကို ဆရာအရောက်မှာ အချိန်ကိုက် ထအူလိုက်သလိုပဲ။ ခွေးအူတာလည်း ရပ်သွားရော၊ ပတ်ဝန်းကျင်တစ်ခုလုံး ပြန်တိတ်ဆိတ်သွားလိုက်တာ။ အရင်ကထက် ပိုတိတ်ဆိတ်သွားသလိုပဲ။ ချောက်ချားစရာ ပိုကောင်း

mgyoe.com

mgyoe.com


နေတယ်။

ရာပြည့်ကွင်းထဲမှာလည်း လူမရှိသူမရှိ။ တစ်ဖက်က မြို့ရိုးကြီးကလည်း ပြအိုးမရှိ။ ငုတ်စိစိနဲ့။ ဒီလောက်တောင် တိတ်ဆိတ်လွန်းပြန်တော့လည်း လူတစ်ယောက်အဖို့ မကောင်းပြန်ဘူး။ ဆရာက စက်ဘီးကို မှန်မှန်ပဲဆက်နင်းလာခဲ့တယ်။ တိတ်ဆိတ်လွန်းတာကို မကြိုက်လို့ သီချင်းတစ်ပုဒ်လောက်များ လေချွန်လိုက်ရရင်ကောင်းမလား။ ဒီလိုလေချွန်လိုက်တော့မှ မသမာတဲ့လူတွေကို အချက်ပေးရာရောက်သွားမလား။ ခပ်လှမ်းလှမ်းက သုခမ္မာဇရပ်တန်းကလည်း မှောင်နဲ့မည်းမည်း။ အဝေးကနေကြည့်ရတာ သားကောင်ကိုချောင်းနေတဲ့ကျားကြီးတွေ ဝပ်နေကြတာနဲ့တူနေတယ်။

* * *

ဒီနယ်မှာတော့ ဗမှန်ကနာမည်ကြီးပဲ။ တချို့ကသူ့ကို ဂျိတ်ကြီးလို့ သူ့ကွယ်ရာမှာ ခေါ်ကြတယ်။ တချို့ကလည်း ဂေါက်ဒုတ်တဲ့။ မန္တလေး၊ မြင်းခြံ၊ မုံရွာ၊ ရွှေဘိုထောင်တွေမှာတော့ သူက လက်ကောက်ပဲ။ ရဲဘက်စခန်းဆိုတာလည်း သူ့အဖို့ အိမ်ဦးနဲ့ကြမ်းပြင်။ ဗမှန် ခိုး၊ ဆိုး၊ လုယက်၊ ရိုက်နှက်ခဲ့တဲ့အကြိမ်နဲ့ ထောင်ထဲအချုပ်ထဲ ရောက်ဖူးတဲ့အကြိမ်ကို ချိန်ခွင်နှစ်ဖက်မှာတင်ချိန်ရင် ထောင်ကျခဲ့ဖူးတဲ့ အကြိမ်ဘက်က ချိန်ခွင်ခွက်က လေထဲမှာ တရမ်းရမ်းနဲ့ လှုပ်နေလိမ့်မယ်။ တစ်ဖက်က ချိန်ခွင်ခွက်နဲ့ ကြမ်းနဲ့ဆောင့်တဲ့အသံကြီးလည်း 'ဒိုင်း' ခနဲ အကျယ်ကြီးမြည်လိမ့်မယ်။

လူမိုက်လောကမှာ ဆရာဗမှန်လို့ ဆရာတပ်အခေါ်ခံရတဲ့ လူမိုက်။ ဘာဖြစ်လို့ ဂျိတ်ကြီးလို့ခေါ်တယ်၊ ဂေါက်ဒုတ်ဆိုတဲ့ဘွဲ့က ဘယ်ထောင်ကရတယ်ဆိုတာ ဘယ်သူမှမသိကြဘူး။ ဘယ်သူကမှ

mgyoe.com

mgyoe.com


လည်း စပ်ဟပ်မမေးရဲကြဘူး။ အရက်ကိုဝယ်သောက်တဲ့ လူမျိုးမှ မဟုတ်ဘဲ။ မိုက်ကြေးခွဲ ဗိုလ်ကျပြီးလုသောက်တဲ့ လူမိုက်မျိုး။ တစ်ခါ တလေတော့ အပျင်းပြေကိုယ်တိုင်ချက်သောက်သတဲ့။

ဗမုန်က လက်ဆသိပ်ကောင်းတယ်လို့လည်း နာမည်ကြီးတယ်။ ဦးဆက်ဖြင့် ဦးဆက်၊ နောက်စေ့ဆိုလည်း နောက်စေ့၊ ချိုစောင်းဖြင့်ရင် လည်း ချိုစောင်း၊ နဖူးဆိုရင်လည်း တည့်တည့်ကြိုက်သလား၊ ဘယ် ဘက်လား။ ညာဘက်နားခပ်ကျကျလား။ အော်ဒါပေးတဲ့အတိုင်း စိတ် တိုင်းကျ ဆောင်ရွက်စီမံတတ်တယ်။ ဘယ်နှလက်မအပြဲ ကြိုက် သလဲ။ မြင်းမြီးနဲ့ ငါးချက်ချုပ်လား၊ ခြောက်ချက်ချုပ်လား။ မှတ်ရုံသား ရုံ၊ အချိုးပြောင်းရုံလောက်ပဲလား၊ အတွင်းလူနာလား၊ အပြင်ဆေးခန်း တင်လား။ လူမိုက်အချင်းချင်း သူ့လက်ကို ရွေးချယ်ထားမတတ် လေးစား စိတ်ချကြတယ်။

ဒါကြောင့်လည်း ဘတ်သီးတို့၊ ဒေါင်ရှည်တို့၊ ငမိုးတို့က ဆရာ ချင်း မိုးမွန်အောင်ခေါ်ပြီး ဆရာတစ်ဆူလို အားကိုးကြ၊ အားထားကြ၊ အားကျကြတယ်။ ဟောဒီ နှမ်းဖတ်ချဉ်မျိုးဆိုရင် ဆရာဗမုန်က သိပ် ကြိုက်တာကွ။ အရက်နဲ့မြည်းလို့သိပ်ကောင်းတယ်လေတဲ့။ အမြည်း တောင်မှ သူတို့ဆရာမြည်းတဲ့အမြည်းမျိုးနဲ့ သောက်ကြသတဲ့။

ဒီရက်မှာဗမုန် ငွေအသုံးသိပ်လိုနေတယ်။ အကြွေးတွေကလည်း ပတ်ချာဝိုင်းနေပြီ။ မယားတွေကလည်း တဆူဆူ တပူပူနဲ့။ သုံးစရာကို တစ်ပြားတစ်စေ့မှ မရှိတော့ဘူး။ တပည့်လက်သားတွေဆီကလည်း ယူသုံး၊ ဆွဲသုံး၊ နှိုက်သုံး၊ ဖြတ်သုံးထားတာလည်း များလှပြီ။ သူတို့ လေးတွေလည်း တကယ်ပြတ်လပ် ကျပ်နေကြတဲ့အချိန်။ မတတ်နိုင် ဘူး။ နည်းတစ်နည်းပဲရှိတယ်။

ဗမုန် သုခမ္မာဇရပ်ဘက် ထွက်ချလာခဲ့တယ်။ ဒီညအလုပ်လုပ်

mgyoe.com

mgyoe.com

မယ်။ အလုပ်က ကေသရာဇာကကြွက်ကို ဖမ်းစားတဲ့အလုပ်။ ဒါကြောင့် ကောင်လေးတွေမသိအောင် ခပ်စောစောကတည်းက ကိုယ်ရောင်ဖျောက်နေလိုက်တယ်။ အောက်တန်းတော့ကျတယ်။ ဒါပေမဲ့ မတတ်နိုင်ဘူး။ ဆူလွယ်နပ်လွယ် ဒီတစ်နည်းပဲ ရှိတော့တယ်။

အလယ်ကောင်ခပ်ကျကျဇရပ်မှာ အသာထိုင်နေလိုက်တယ်။ သူ မျှော်နေတဲ့အမဲ အနောက်ဘက်ကလာမလား၊ အရှေ့ဘက်က လာမလား။ မသိနိုင်ဘူး။ ပြီးမှ အခြေအနေအရ မီးစဉ်ကြည့်ကရမှာပဲ။ အခုတော့ မှောင်ရိပ်မှာ ဇရပ်က တိုင်တစ်လုံးလို ငြိမ်ငြိမ်လေး ထိုင်နေလိုက်တယ်။ အရေးထဲမှ ကွမ်းစားချင်သလိုလို၊ ဆေးလိပ်သောက်ချင်သလိုလို။ ခံတွင်းချဉ်လာသေးတယ်။ ကွမ်းစားစရာလည်းမရှိ၊ ဆေးငုံစရာလည်းမပါ။ ဆောင်းလေကလည်း ညနက်လေပိုပိုအေးလေနဲ့၊ ကြာလာတော့ တင်ပါးတွေလည်း ကျိန်း၊ လက်ဖျားတွေလည်း အေးစက်လာတယ်။ ခြင်တွေကလည်းတစ်မှောင့်။ တဝီဝီနဲ့။ ဗမှန် ဒေါသကို ဒေါ်ထအောင်ဆွနေကြတယ်။

ဒီညမှ အမဲကလည်းလာခဲလိုက်တာလို့ ထင်မိတယ်။ သားကောင်ကို သူစောင့်နေတာ နှစ်နာရီနီးပါးရှိနေပြီ။ အရင်တုန်းကလည်း ဒီအလုပ်ကို လုပ်ခဲ့ဖူးပါရဲ့။ တစ်ခါမှ ဒီလောက်ကြာအောင် မစောင့်ရဖူးဘူး။ လာပြန်တော့လည်း အဖော်အပေါင်းနဲ့ချည်းပဲ။ ကွမ်းမဝါးဆေးမငုံရလို့ဖြစ်တဲ့ဒေါသ၊ အေးလွန်းချမ်းလွန်းလို့ ဖြစ်ရတဲ့ဒေါသ၊ အကြာ ကြီးစောင့်ရလို့ဖြစ်ရတဲ့ ဒေါသဒီဂရီက ဗမှန်ရဲ့ ငယ်ထိပ်ကို ရောက်နေပြီ။ ဗမှန် အံတကြိတ်ကြိတ်လုပ်နေမိတယ်။ နဂိုကမှ ဝက်ခြံပုန်းတွေနဲ့ အရုပ်ဆိုးလှတဲ့ သူ့ရုပ်ကြီးက အခုလိုမှုန်ကုပ်နေတော့ ပိုအရုပ်ဆိုးတော့တာပေါ့။

ခပ်လှမ်းလှမ်းဆီက ခွေးအူသံကြီးတစ်ချက်ကြားလိုက်ရတယ်။

mgyoe.com

ဒီအူသံကြီးကို ဗမုန် ကြားလိုက်ရတော့ စိတ်ထဲမှာ အနှောင့်အယှက်ဖြစ်မိတယ်။ ကြက်သီးမထစဖူး ကြက်သီးထသွားမိတယ်။ ခွေးအူသံကြောင့် မဟုတ်ပါဘူး။ ဆောင်းလေအေးတစ်ချက် ဆောင့်တိုက်လိုက်လို့ထတဲ့ ကြက်သီးနေမှာပါလို့ သူတွေးနေမိတယ်။

ဟိုးရှေ့က ရိပ်ရိပ်ရိပ်ရိပ်နဲ့။ လူပဲထင်ပါရဲ့။ ညက မှောင်လွန်းတော့ သဲသဲကွဲ ကွဲမမြင်ရဘူး။ ရွေ့နေတဲ့နှုန်းကို မှန်းကြည့်ရတာတော့ စက်ဘီးစီးလာတဲ့ လူတစ်ယောက်ပဲဖြစ်ရမယ်လို့ တွေးလိုက်တယ်။ ဒီလောက်တောင် တိတ်ဆိတ်နေတာကို ဘာသံမှမကြားရတော့ စက်ဘီးလေးက အမျိုးကောင်းလေးရင်လည်း ဖြစ်ရမယ်။ ဒါမှမဟုတ် ရှိရှိသေသေစီးနေတဲ့စက်ဘီးခပ်လတ်လတ်တစ်စင်းလည်း ဖြစ်နိုင်တယ်လို့ တွေးရင်း၊ ဒီစက်ဘီးကို ဘယ်မှာဖျောရင်ကောင်းမလဲဆိုတာကိုပါ တစ်ဆက်တည်း တွေးပစ်လိုက်တယ်။ စက်ဘီးနင်းလာတဲ့လူက တဖြည်းဖြည်းနီးလာနေပြီ။ ခပ်လှမ်းလှမ်းမှာ အသာချထားတဲ့ လက်စွဲတော်ဝါးရင်းတုတ်ကို ထယူလိုက်တယ်။ ပြီးတော့ ပုဆိုးတိုတို ပြင်ဝတ်လိုက်သေးတယ်။ ဝါးရင်းတုတ်ကို ညာလက်နဲ့တစ်ချက် ဆကြည့်လိုက်တယ်။ သြော် ဒီကောင့်နှယ် ရောက်နိုင်ခဲလိုက်တာနော်။

* * *

နေ့လယ်ထမင်းစားကျောင်းဆင်းတော့ ဆရာ ဆရာမတွေ အခုလိုပဲ စုပေါင်းပြီး ထမင်းဝိုင်းဖွဲ့စားနေကျ။ တစ်ယောက်ဟင်း တစ်ယောက်နှိုက်စားကြတာ မိသားစုထမင်းဝိုင်းအတိုင်းပါပဲ။ မနက်ဖြန်ကျတော့ ဆရာတို့ ဆရာမတို့ဘာဟင်းချက်ခဲ့ရအောင်လို့ တိုင်ပင်ပြီးချက်ခဲ့ကြသလို ဟင်းချင်းတူနေကြလို့ ရယ်ကြရတာလည်းခဏခဏ။ အထူးသဖြင့် လလယ်ရက်နဲ့ လကုန်ရက်တွေမှာပေါ့။ ကျောင်းသား

mgyoe.com

တွေအကြောင်း၊ ကုန်ဈေးနှုန်းအကြောင်း၊ အမျိုးတော် အဆွေတော်တွေအကြောင်း ထမင်းစားရင်း ပြောနေကျပေါ့။

ဒီနေ့တော့ ဆရာ ဆရာမတွေ ထမင်းမေ့ဟင်းမေ့နဲ့ စကားလုံးတိုင်းကို ရင်တထိတ်ထိတ်နဲ့ နားထောင်နေကြရတယ်။

"ကျွန်တော်ကတော့ အဲဒီလိုအချိန် စက်ဘီးစီးရင် လမ်းအလယ်ကောင်ကစီးတော့တာပဲ။ ဘာနဲ့မှ တိုက်စရာမရှိဘဲကိုး။ ဘယ်သူ့မှလည်း ရှောင်စရာမလိုဘူးလေ။ ရိုက်လုမယ့်လူဆိုတာမျိုးကလည်း လမ်းလယ်ကောင်တက်ပြီး စောင့်တတ်တာမျိုးမဟုတ်ဘူး ဆရာတို့ရဲ့။ ဒီကောင်တွေကမှောင်ထဲမှာ အသာနေပြီး နံဘေးကထွက်ရိုက်တတ်တာမျိုး။

ကျွန်တော်က ရိပ်ခနဲတော့မြင်လိုက်တယ်။ လူဆိုးလူကောင်းခွဲခြားလို့ရတဲ့အချိန် မဟုတ်ဘူးလေ။ မတတ်နိုင်ဘူး။ ဟန်ကိုယ့်ဖို့ပဲ။ စက်ဘီးကို အားကုန်နင်းပြီးနောက် ကျောဘက်လှည့်တဲ့ပြီး တအားအော်လိုက်တယ်။ မင်းတို့နင်းအား ဒါအကုန်ပဲလား။ မီအောင်နင်းနိုင်ခဲ့ရင် တစ်ဖွဲ့လုံး လက်ဖက်ရည်တိုက်မယ်ကွလို့ အော်အော်နင်းနင်းလုပ်ခဲ့ရတာ။

ဟိုလူကလည်း ရုတ်တရက်တော့ ဘာလုပ်ရမှန်းမသိဖြစ်သွားတယ်ထင်ပါရဲ့။ ကျွန်တော်လွန်သွားလို့ ခပ်လှမ်းလှမ်းရောက်မှ 'တောက်' ခေါက်သံကြီးတစ်ချက် ကြားလိုက်ရတယ်ဆရာတို့ရေ။ အောင်မလေး ပြင်းလိုက်တဲ့ တောက်ခေါက်သံများ။ ဒီတောက်ခေါက်သံကြားရတာနဲ့ကို သူဘယ်လောက်ဒေါပွကျန်ရစ်တယ်ဆိုတာ သိနိုင်ရဲ့။ အင်း... ဒီတော့မှ အင်း ဒီလူငါ့ရိုက်လုမယ့်လူဖြစ်မှာပဲလို့ သိလိုက်တယ်"

ဆရာတင်မောင်အေးက မနေ့ညကအဖြစ်အပျက်ကို စေတနာနဲ့ပြောပြနေတယ်။ ဆရာအေးချို့တို့၊ ဆရာလှမောင်တို့က ဒါမျိုးကျတော့

mgyoe.com

mgyoe.com

ဆရာမတွေထက် ပိုစိတ်ဝင်စားကြတယ်လေ။ ဆရာ ဆရာမတွေရဲ့ မျက်နှာမှာ စာနာစိတ်အပြည့်ရှိကြောင်း သိသာလှတယ်။ ဆရာတင်မောင်အေးရဲ့ စကားဆုံးမှ ဆရာ ဆရာမတွေလည်း ဟင်းချနိုင်တော့တယ်။ အစကတည်းက အေးစက်မာတောင့်နေတဲ့ထမင်းတွေကို ဆက်ပြီးစားကြရင်း ...

ဆရာတို့ရယ် နောင်များတော့ အဲဒီလိုအချိန်ကြီး အဲဒီဘက် မသွားကြနဲ့၊ ဆရာရယ် မသေကောင်းမပျောက်ကောင်း၊ ကံကြီးလို့ပါလား ဆရာတင်မောင်အေးရယ် တဲ့။

အဲဒါ သမ္ဗုဒ္ဓေဘုရားတန်ခိုးပဲဆရာဆိုတဲ့ ဆရာမက ပါလိုက်သေးတယ်။ သူတို့ ကျောင်းကအမှတ် (၇) အခြေခံပညာမူလတန်းကျောင်းလို့ဆိုင်းဘုတ်တပ်ထားပေမဲ့ ဘုန်းတော်တိုး ရပ်ကွက်ဂေျရော၊ ဥပုသ်တော်ရပ်ကွက်ကပါ သမ္ဗုဒ္ဓေကျောင်းလို့ပဲခေါ်ကြတယ်။ သူတို့ဘစ်တွေစာသင်ကြရတာလည်း မန္တလေးတောင်ခြေက သမ္ဗုဒ္ဓေဘုရားတန်ဆောင်းထဲမှာပဲ မဟုတ်လား။

* * *

လွတ်လပ်ရေးအောင်ပွဲကလည်း ပြီးခါစ။ ပြည်ထောင်စုပွဲကလည်း ဆက်စရာရှိတာမို့ ယာယီပြခန်း ဆိုင်ခန်းတွေကလည်း မဖျက်ရသေးဘူး။ ဒီပြခန်းတွေကြောင့် ရာပြည့်ကွင်းထဲမှာ ဓာတ်မီးပွင့်ကလေးတွေဟိုနားစုစု၊ ဒီနားစုစုနဲ့ရှိနေတယ်။ ဆရာတင်မောင်အေး အချောင်းခံရတဲ့ညကလောက် ရာပြည့်ကွင်းကြီးကမှောင်မနေဘူး။ ဒါကြောင့် ဘာရာအေးချို့ အားရှိပြီး ကြောက်စိတ်နည်းသွားတယ်။

အရှေ့မြောက်ကျုံးထောင့်ဆီက ကားတစ်စင်းကွေ့လာနေတယ်။ ကားရဲ့ရှေ့မီးရောင်ကြောင့် လမ်းတစ်လျှောက်လုံး လင်းလို့ထိန်လို့။

mgyoe.com

mgyoe.com

ကားမီးရောင်ရှိတုန်း စက်ဘီးနင်းလာတဲ့အရှိန်ကို မြှင့်လိုက်တယ်။ ဆရာအေးချိုက ဒီကားမီးရောင်ကို အားကိုးသလို သုဓမ္မာဇရပ်တန်းနဲ့ မျက်နှာချင်းဆိုင် ထနောင်းပင်တစ်ပင်ရဲ့အကွယ်က စောင့်နေတဲ့ 'ဘတ်သီး' ကလည်း သူ့သားကောင်ကို ကားမီးရောင်အောက်မှာ မြင်နေရလို့ သဘောကျနေတယ်လေ။

ဘတ်သီးကလည်း ဒုတိယဗမှန်လေးပဲ။ ဒီလောကဒီနယ်မှာတော့ ဗမှန်ရဲ့အရိုက်အရာကို ဆက်ခံဖို့ လက်စလက်နရှိတဲ့ နောက်တက်ကလေး။ ဘတ်သီးကလည်း ခေသူမဟုတ်။ စာရင်းပေါက်အင်းပေါက်ထဲကပဲ။ သူလည်း ပြစ်မှုကြွေးကို ချွေးနဲ့ဆပ်ခဲ့တဲ့ အကြိမ်မနည်းတော့ဘူး။ ဗမှန်ကိုယ်တိုင် သဘောကျ မျက်စိကျနေတဲ့လူပဲ။ ဘတ်သီးက လုပ်ပုံကိုင်ပုံပိရိသပ်ရပ်တယ်။ အရပ်ကလည်း ၅ ပေ ၉ လက်မ ကျော်လိုက်သေးတယ်။ ရပ်အုပ်တို့၊ လက်မောင်းတို့၊ ပခုံးတို့ဆိုတာ စနစ်တကျလေ့ကျင့်ထားတဲ့ လူတစ်ယောက်လိုပဲ။ အဟန့်ကောင်းတယ်။ ဒီဗလကြောင့် လက်လွန်ခြေလွန်ဖြစ်မှာစိုးလို့ သူ့ဆရာဗမှန်က ထိန်းထိန်းသိမ်းသိမ်းလုပ်ဖို့ အမြဲမှာနေရတဲ့ တက်လူမိုက်လေး။

ရာပြည့်ကွင်းက သိင်္ဂမမှောင်ပေမဲ့ သုဓမ္မာဇရပ်ဘက်ကတော့ ထုံးစံအတိုင်းပဲ။ မန္တလေးတောင်စောင်းတန်းတစ်လျှောက်မှာတော့ မီးလုံးတွေက ပိုးစုန်းကြူးတွေ တန်းစီနေကြသလိုပဲ။

ကားအမြန်မောင်းချသွားတာကို ဆရာအေးချိုကမကြိုက်ပေမဲ့ ဘတ်သီးက သဘောကျနေတယ်။ ဆရာ့ကို ကားကလွန်သွားတော့ ကားမီးရောင်ကြောင့် ဆရာ ဘာမှမမြင်ရတော့ဘူး။ မျက်လုံးတွေပြာမိုက်သွားတယ်။ မျက်လုံးကျင့်သားရတော့မှ စက်ဘီးကို လမ်းအလယ်ကောင်ပြန်တက်လိုက်ရတယ်။ သုဓမ္မာဇရပ်ဘက် ဂရုတစိုက်ကြည့်မိတယ်။ ဘာအရိပ်အယောင်မှမတွေ့ရဘူး။ လမ်းညာဘက်က

mgyoe.com

mgyoe.com


ထနောင်းပင်အကွယ်မှာ လူတစ်ယောက်ထင်ရဲ့။ စိတ်ထဲမှာ တစ်ချက် ထင့်ခနဲဖြစ်သွားတယ်။ ဆရာတင်မောင်အေး ပြောဖူးတာများကို ပြေး သတိရလိုက်တယ်။

စက်ဘီးနင်းအားမြှင့်ဖို့ ဖင်ထိုင်ခုံပေါ်ကကြွပြီး လက်ကိုင်ကို နာနာဆုပ်ကိုင်လိုက်တယ်။ ခြေထောက်တွေကလည်း စက်တပ်ထား သလို၊ ဆရာ့နားနှစ်ဖက်မှာ လေတိုးသံတွေ တဝီးဝီးနဲ့။ နောက်လှည့် ပြီး အသံကုန်အော်ပစ်လိုက်ရတယ်။

"ဟေ့ကောင်တွေ မီအောင်နင်းခဲ့ဟေ့ ငါ့ကိုမီရင် တစ်ဖွဲ့လုံးကို လက်ဖက်ရည်တိုက်မယ်ကွ" တဲ့ အော်သံက ကျယ်သလား မမေးနဲ့။ နန်းမြို့ရိုးကို ပဲ့တင်ထပ်သွားအောင်ကို အော်ပစ်လိုက်တာ။

ဘတ်သီးကတော့ ခုနကားမီးရောင်အောက်မှာ ဒီလူတစ် ယောက်တည်းပါ။ သူ့ နောက်မှာ ဘယ်သူမှမပါပါဘူးလို့ တွေးရင်း။ ဆရာအေးချိုရဲ့ အော်သံကြောင့်ဖြစ်တဲ့ ပဲ့တင်သံကို နားထောင်ရင်း ဘတ်သီး ကြောင်ပြီး လက်တွန့်သွားတယ်။

ဆရာအေးချို တော်တော်လှမ်းတော့မှ ယုတ်ယုတ်မာမာ ဆဲသံ ကြီးကြားလိုက်ရပြီး တစ်ဆက်တည်းပဲ ဝါးရင်းတုတ်တစ်ချောင်း ကတ္တရာလမ်းပေါ်မှာ ခုန်ပေါက်ပြီး ဆရာ့ဘီးနောက်က လိုက်ချ လာတယ် ဆရာအေးချိုက တစ်မိုးလုံးဟိန်းသွားအောင် အော်ရယ်ပစ် ခဲ့တာပေါ့။

ဘတ်သီးက အခုလို နှပ်ပစ်ခံလိုက်ရတဲ့အကြောင်းကို သူ့ဆရာ ဗမှန်သိသွားမှာကိုလည်း ကြောက်တယ်၊ မိုးမှောင်တို့ ဒေါင်ရှည်တို့ပါ သိသွားကြရင် ... ။ ။

မဟေသီမဂ္ဂဇင်း၊ ဧပြီ၊ ၁၉၈၈

❑

mgyoe.com

# ဆာဟာရသမုဒ္ဒရာ

၃၅ လမ်း နံဘေးက ညောင်ပင်ကြီးတစ်ပင်အောက်မှာ ဦးလေးယုထင်ရဲ့ ဆံပင်ညှပ်ဆိုင်လေးရှိတယ်။ ဒီဆိုင်လေးက တနင်္လာနေ့လည်း မပိတ်ဘူး။ အခါကြီး ရက်ကြီးလည်း မပိတ်ဘူး၊ ဘယ်နေ့မှ မပိတ်ဘူး။

တမြန်နေ့မနက်က ဖိုးညီ အလုပ်သွားတော့ ဆံပင်ညှပ်ဆိုင်ကလေးမှာ ဦးလေးကို မတွေ့မိဘူး။ ကေန္တ အိမ်ကနေ ဆိုင်ကိုအလာ၊ တစ်နေရာရာက ဖောက်သည်တစ်ယောက်ယောက်က ဦးလေးကိုခေါ်ပြီး ဆံပင်ညှပ်ခိုင်းနေလို့ပဲလို့ သူထင်လိုက်တယ်။ အဲဒီညနေ အလုပ်ကပြန်တော့လည်း ဦးလေးကို သူ့မတွေ့မိဘူး။ ဆေးရုံတစ်ရုံရုံက ဒါမှမဟုတ် ဆေးခန်းတစ်ခုခုက နေမကောင်းတဲ့လူ တစ်ယောက်ယောက်ကို ဆံပင်ညှပ်ရအောင် လာခေါ်သွားတာဖြစ်မယ်လို့ ဖိုးညီ တွေးမိတယ်။ ဖိုးညီ အဖြစ်နိုင်ဆုံးတွေ အကောင်းဘက်ကချည်း တွေးလိုက်တယ်။

mgyoe.com